**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ်၊ ၁၀၀ /၂၀၁၉**

**၁၃၈၁ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်**

**(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်)**

**မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီဖွဲ့စည်းခြင်း**

၁။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီသည် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေ ပုဒ်မ ၇ ၊ ပုဒ်မခွဲ **(ဂ)**နှင့် ပုဒ်မ ၉၂ ၊ ပုဒ်မခွဲ **(ခ)**တို့အရ မသန်စွမ်းသူများ၏ အခွင့် အရေးများဆိုင်ရာ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက် သည်**-**

(က) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ခ ) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဥက္ကဋ္ဌ
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ဂ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး
ဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

(င) ဥက္ကဋ္ဌတစ်ဦး အဖွဲ့ဝင်

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့၊

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ (ဗဟိုဌာနချုပ်)



(စ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း

(ဆ) ကိုယ်စားလှယ်တစ်ဦး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်

(ဇ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ဥပဒေရေးရာကုစားရေးအဖွဲ့ (မြန်မာ)

Legal Clinic Myanmar (LCM)

(ဈ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

(ည) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာ့ပညာရေးမြှင့်တင်မှုလက်တွဲဆောင်ရွက်ရေးအဖွဲ့

Myanmar Education Consortium (MEC)

(ဋ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)

(ဌ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

မြန်မာအော်တစ်ဇင်အသင်း

(ဍ) ဒေါက်တာအောင်နိုင် အဖွဲ့ဝင်

လူမှုရေးမူဝါဒနှင့် ဆင်းရဲနွမ်းပါးမှုဆိုင်ရာ သုတေသနပြုမှုအဖွဲ့

Social Policy and Poverty Research Group (SPPRG)

(ဃ) ကိုယ်စားလှယ် (၅) ဦး — အဖွဲ့ဝင်

မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်

(ဏ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့

(တ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့ (မြန်မာ)

(ထ) ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများအဖွဲ့

Help Age International (HAI)



(ဒ) ညွှန်ကြားရေးမှူး — အတွင်းရေးမှူး

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး

ဝန်ကြီးဌာန

(ဓ) ဒုတိယညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး

လူမှုဝန်ထမ်းဦးစီးဌာန

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး

ဝန်ကြီးဌာန

၂။ စောင့်ကြည့်အကဲဖြတ်ဆပ်ကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ၏ လမ်းညွှန်ချက်များ နှင့်အညီ လုပ်ငန်းတာဝန်ဝတ္တရားများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းနှင့် ပယ်ဖျက်ခြင်း လုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများရပိုင်ခွင့်ရှိသည့် အခွင့်အရေးများရရှိခြင်းရှိ၊မရှိ လေ့လာဆန်းစစ်ခြင်း၊ ညှိနှိုင်းဆောင် ရွက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) အခြေခံနှင့် အဆင့်မြင့်ပညာရေး၊ နည်းပညာ၊ သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းချက်များအရ မသန်စွမ်းသူများသင်ယူကြရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို အခြေခံပြီး လိုအပ်ချက်များအား လေ့လာ ဆန်းစစ်ခြင်း၊ ညှိနှိုင်းဖြေရှင်းနိုင်ရန် ဆောင်ရွက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လိုအပ် ပါက ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) အလုပ်သမားဥပဒေများ၊ အလုပ်ခွင်ဆိုင်ရာဥပဒေများနှင့် ဆက်စပ်ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များသည် မသန်စွမ်းသူများ၏ အခွင့်အရေး

ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လိုအပ်ပါက ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊



(င) ကျန်းမာရေးဆိုင်ရာ ဥပဒေများ၊ ကျန်းမာရေးနှင့် ဆက်စပ်သည့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များသည် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ များနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း၊ ညှိနှိုင်းဆောင်

ရှက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လိုအပ်ပါက ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(စ) ဆောက်လုပ်ရေးနှင့် မြို့ပြအင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဥပဒေများ၊ MYANMAR NATIONAL BUILDING CODE 2016 ကဲ့သို့ စံသတ်မှတ်ချက်များ၊ စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များက လက်ခံကျင့်သုံးနေသည့် ဆောက်လုပ်ရေးဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ အဆောက်အအုံများနှင့် ဆက်စပ်ပတ်ဝန်းကျင်နေရာများ တည်ဆောက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လိုအပ်ပါက ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဆ) အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးယာဉ်အမျိုးမျိုးကို မသန်စွမ်းသူများအနေဖြင့် အလွယ်တကူ စီးနင်းအသုံးပြုနိုင်ရေးအတွက် တင်သွင်းခြင်း၊ တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လိုအပ်ပါက ယင်းပြဋ္ဌာန်းချက်များကို

ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ဇ) ပြန်ကြားရေး၊ ဆက်သွယ်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများသည် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့်

လိုအပ်ပါ က ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊



(ဈ) မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ကျင့်သုံးနေသည့် ဒေသန္တရ အမိန့်များ၊ ညွှန်ကြားချက်များသည် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေ၊

နည်းဥပဒေများနှင့် ကိုက်ညီမှု ရှိ၊ မရှိ လေ့လာဆန်းစစ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လိုအပ်ပါက ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက် ခြင်း သို့မဟုတ် အသစ်ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံ တင်ပြခြင်း၊

(ည) မသန်စွမ်းသူများ၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူညီမျှမှုရှိရေး အတွက် လိုအပ်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊ ပြဋ္ဌာန်းပြီး မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား အချိန်ကာလနှင့် ကိုက်ညီမှုရှိ၊ မရှိ စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခြင်း၊ သုံးသပ်အကြံပြုခြင်းနှင့် လိုအပ်ပါက ယင်းပြဋ္ဌာန်းချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် အသစ် ပြဋ္ဌာန်း ခြင်းပြုလုပ်ပေးနိုင်ရန် လုပ်ငန်းကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(ပုံ) ဟင်နရီဗန်ထီးယူ

ဥက္ကဋ္ဌ

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ

စာအမှတ်၊ ၂-၄/၁၀၅(မသန်စွမ်း)/၁၅၁၂၀

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်

**<u>ဖြန့်ဝေခြင်း</u>**

နိုင်ငံတော်သမ္မတရုံး

သမ္မတဦးစီးရုံး

ဒုတိယသမ္မတ(၁)ဦးစီးရုံး

ဒုတိယသမ္မတ(၂)ဦးစီးရုံး



ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီရုံး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များအားလုံး

သက်ဆိုင်ရာပုဂ္ဂိုလ်များ

| | | |
|---|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | } | မြန်မာနိုင်ငံပြန်တမ်းအပိုင်း (၁)တွင်<br>ထည့်သွင်းကြေငြာပေးပါရန်။ |

အမိန့်အရ

ဒေါက်တာဝင်းမြတ်အေး

ဒုတိယဥက္ကဋ္ဌ (၁)

မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ